# မာတိကာ


- ■ နိဒါန်း (က)
- ■ **သဏ္ဍာရာစ်နှင့် ဌာန** ၁
  - မိဘမျိုးရိုး ၁
  - ပညာဝါသနာပါသော ဖခင် ၂
  - ပညာသင်ကြားခြင်း ၃
  - အင်္ဂလိပ်စာစီစာကုံး ၄
  - စာဖတ်ခြင်း အလေ့အကျင့် ၆
  - ကျွန်ုပ်ဖတ်သော စာအုပ်များ ၇
  - ထူးဆန်းသော ကံဇာတာ ၁၀
  - စာရေးဆရာမဖြစ်မီ ၁၁
  - စာရေးဆရာ ဖြစ်ရပုံ ၁၂
  - ရန်ကြီးအောင်ဝတ္ထု ရေးပုံ ၁၃
  - ရန်ကြီးအောင်ဝတ္ထု ရာဇဝင် ၁၅
  - ရတနာပုံဝတ္ထု ၁၆
  - နာမည်များ ရွေးချယ်ခြင်း ၁၇
  - မောင်ထွန်းမြတ် ၁၇
  - ဦးထွန်းမြတ်က ကန့်ကွက်ခြင်း ၁၈
  - ခင်စိန်ကြည် ၁၉
  - မဂျမ်းပုံ ၂၀
  - နောက်ဥက အရင်ပေါက်ခြင်း ၂၁
  - သူရိယသို့ရောက်ခြင်း ၂၁
  - "ရွှေဥဒေါင်း" ဖြစ်ပေါ်လာပုံ ၂၁
  - မိတ်ဆွေအသစ်များ (ဆရာကြီးဦးလွန်း) ၂၃
  - ကိုကျော် (ပီမိုးနင်း) ၂၄
  - ရွှေပနှီဝတ္ထု ၂၅
  - စုံထောက်မောင်စံရှားဝတ္ထုများ ၂၆
  - ဉာဏ်တုံးသွားချေပြီ ၂၇
  - ရတနာပူရဝတ္ထု ၂၉
  - အလုပ်မှ နုတ်ပယ်ခြင်းခံရပုံ ၃၁
  - ကျောင်းဆရာ ဖြစ်လာခြင်း ၃၅
  - အလိုက်ဘာဝနေရခြင်း ၃၅
  - ကျောင်းဖျက်ခဲ့ပြန်ပြီ ၃၇
  - ရဟန်းဘောင်တက်ခြင်း ၃၈
  - ငှက်ဖျားကြီးဖျားခြင်း ၃၉
  - စက္ကူရီတေရီအလုပ် ၄၀
  - အားကိုးအားထားရှိခြင်း ၄၂
  - ကြာရှည်စွာ မနေနိုင် ၄၂
  - ဘာသာပြန်အသင်းလုပ်ငန်း ၄၃
  - ဘာသာပြန်ရသော စာအုပ်များ ၄၄
  - ထုံးစံအတိုင်း ပြောင်းပြန်ပြီ ၄၆
  - ကြာလှ သုံးနှစ်ပါပဲ ၄၇
  - ဒုတိယမ္ပိ ပြန်ရောက်ခြင်း ၄၉
  - ခေါင်းကြီးများ၏ အခက်အခဲ ၄၉
  - ဦးစော ရောက်လာခြင်း ၅၂
  - နောက်ဆုံးပေးသောစာ ၅၄
  - ဇရစ်ချောင်ရွာကလေး ၅၄
  - ရန်ကုန်သို့ ပြန်ဆင်းခြင်း ၅၆
  - အဆင်းရဲဆုံးသော အဆစ်အပိုင်း ၅၇
  - မန်ကျည်းတဲ့ ပြန်ရောက်ခြင်း ၅၈
  - ဖြစ်တတ်သလို အသက်မွေးရခြင်း ၆၀
  - ကလောင်တံ ကိုင်ရပြန်ခြင်း ၆၃
  - သတင်းစာတိုက်များမှ ခေါ်ကြခြင်း ၆၅
  - ဒိုင်းနမိုင်းဖောက်ခွဲခြင်း ၆၇
  - တရုတ်ပြည်သွားရခြင်း ၇၀
- ■ **အသက်ဆံများ ခေါ်ဆိုလောက်သည့် ကိုယ်တွေ့အဖြစ်အပျက်များ** ၇၃
  - (၁) မြင်းယူပြေးခြင်း ၇၃
  - (၂) မြစ်ထဲတွင် "တရုး" နှင့် တိုက်မိခြင်း ၈၁
  - (၃) ပဲခူးမြေလျှင်ကြီး ၈၅
  - (၄) ရန်ကုန်မြို့ကို ပထမအကြိမ် ခုံးချခြင်း ၉၁
  - (၅) ရန်ကုန်မှ ထွက်ပြေးရခြင်း ၉၅
    - လမ်းချားသမား ဖြစ်ရခြင်း ၉၆
    - သခွါကြည်ပြူ ရှိကြပေသည် ၉၇
  - (၆) တရုတ်များ ဖမ်းဆီးခြင်း ၉၈
    - တရုတ်၊ ဂျပန်တိုက်ပွဲ ၁၀၈
    - ဂျပန်တွေ ဝင်ကုန်ပြီ ၁၁၂
  - (၇) ပျော်ဘွယ်မြို့၌ ကြုံရပုံ ၁၁၅
- ■ **ဆရာကြီးရွှေဥဒေါင်း ရေးခဲ့သောစာအုပ်များ** ၁၂၂
  - အမြန်ဆုံးသောဝတ္ထု ၁၂၅
- ■ **အကောင်းဆုံးသော အမှတ်အမှန်** ၁၂၆
  - အကောင်းဆုံးအလေ့အကျင့် ၁၂၇
  - တစ်သက်တာ၏ ရည်ရွယ်ချက် ၁၂၇
  - အရင်းနှီးဆုံးသော မိတ်ဆွေများ ၁၂၈
  - ကိုယ့်ကိုယ်ကိုယ် မြင်ပုံ ၁၂၉
  - ကြောက်စိတ်ပျောက်ရပုံ ၁၃၂
  - အကျင့်စာရိတ္တ ၁၃၄


• • •

# နိဒါန်း

**Autobiography** အော်တိုဘိုင်အိုဂရပ်ဖီခေါ် မိမိ၏အတ္ထုပ္ပတ္တိကို ကိုယ်တိုင်ရေးသားခြင်း ဟူသည်မှာ တိုင်းပြည်မှရေးရာတွင် တစ်ဖက်ဖက်မှ ထမ်းရွက်ဖူးသည့် စစ်ဗိုလ်ကြီး၊ အမတ်ကြီး၊ သံကြီးတမန်ကြီး စသော ပုဂ္ဂိုလ်များနှင့် ကဗျာဆရာ၊ လင်္ကာဆရာ၊ ရာဇဝင်ဆရာ စသည့် ကဝိ အမည်ခံ ပုဂ္ဂိုလ်များ၏ အရာဌာနဖြစ်သည်ဟု ကျွန်ုပ် နားလည်ပါ၏။ မည်သို့ပင်ဖြစ်စေ မိမိ၏အတ္ထုပ္ပတ္တိကို ရေးသားထုတ်ဝေခြင်းဖြင့် ဖတ်ရှုသူတို့အဖို့ အကျိုးကျေးဇူးရှိစေမည်ဟု ယုံကြည်သောပုဂ္ဂိုလ်များ သို့တည်းမဟုတ် မိမိအကြောင်းကို တိုင်းပြည်က သိလိုကြလိမ့်မည်ဟု ကိုယ့်ဟာကိုယ် ယူဆသော ပုဂ္ဂိုလ်များ ရေးသားစီရင်ကြသော ကမ္ဘာ့အစဉ်အလာရှိပေသည်။ သို့ဖြစ်၍ ဤစာအုပ်မျိုးမှာ အခြားသော စာအုပ်များနှင့်မတူ ရေးသားထုတ်ဝေသည် ဆိုကတည်းက မိမိကိုယ်ကို အထင်ကြီးသော ပုဂ္ဂိုလ်တစ်ဦးပေတကားဟု လူအများ စွပ်စွဲခြင်း ခံရတတ်သော စာအုပ်မျိုး ဖြစ်ချေ၏။

လူထုဦးလှနှင့် ဒေါ်အမာမှစ၍ ကျွန်ုပ်၏အရေးအသားကို လေးစားသော စာဖတ်ပရိသတ်အချို့က အော်တိုဘိုင်အိုဂရပ်ဖီ တစ်အုပ်ရေးသားဖို့ တိုက်တွန်းကြသည်မှာ အတန်ကြာမြင့်ပါပြီ။ သို့ရာတွင် ကျွန်ုပ်မှာ အထက်ပါအကြောင်းအရာကို နားလည်၍၊ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးသော ပုဂ္ဂိုလ်များစာရင်းတွင် သွတ်သွင်းခြင်း မခံလိုသည့်အတွက်ကြောင့် နှောင့်နှေးခြင်း ဖြစ်ခဲ့ပါသည်။



ဤတလောတွင်မူကား ကျွန်ုပ်ရေးသားသော ရတနာပုံဝတ္ထုကို ကျောင်းသုံးစာအုပ်အဖြစ်နှင့် ပြဋ္ဌာန်းရာတွင် စာရေးဆရာ၏အကြောင်းကိုလည်း ကျောင်းသားများ ဆည်းပူးလေ့လာကြရမည် ဟူသော မှတ်ချက်တစ်ရပ်ပါရှိသည်ကို တွေ့ရ၏။ ကွယ်လွန်ပြီးသော စာရေးဆရာတစ်ယောက်ဆိုပါလျှင် ၎င်း၏အကြောင်းကို ကျောင်းသားများ လေ့လာဆည်းပူးရန် ခဲယဉ်းခြင်း ရှိပေလိမ့်မည်။ ကျွန်ုပ်မှာ ကံအားလျော်စွာ အသက်ရှင်လျက်ရှိသော စာရေးဆရာတစ်ဦး ဖြစ်ပေရကား ရတနာပုံ ဝတ္ထုရေးဆရာအကြောင်းကို ကျောင်းသူကျောင်းသားများ လေ့လာဆည်းပူးရာတွင် ထိုကဲ့သို့ အခက်အခဲမရှိခြင်းငှာ ဤစာအုပ်ငယ်ကို စီရင်ရေးသားရခြင်း ဖြစ်ပါသည်။

အသက် ၆၀ ကျော်ရှိ၍ အမှတ်မှဲ့မနေတတ်သော ပုဂ္ဂိုလ်တစ်ဦးအကြောင်းကို ရေးသားသည့်အခါ မည်သည့်နည်းမဆို ဤစာအုပ်ငယ်လောက်မျှနှင့် မပြည့်စုံနိုင်ဘဲ ကျမ်းကြီးတစ်စောင်တစ်ဖွဲ့ ဖြစ်လာရပါသည်။ သို့ရာတွင် စာအုပ်ကြီးလျှင် ဈေးနှုန်းလည်း မြင့်ရမည်ဖြစ်၍ ကျောင်းသူကျောင်းသားများ သိချင်လောက်သည့် ပညာရေးဆိုင်ရာနှင့် နည်းယူစရာ အချက်အလက်များလောက်ဖြင့်သာ ဤစာအုပ်ငယ်ကို ရေးသားထုတ်ဝေရခြင်း ဖြစ်ပါသည်။

ကိုယ့်အကြောင်းကို ကိုယ်ရေးသည်ဆို၍ လူအများအထင်ကြီးစေလိုသော ရည်ရွယ်ချက်ဖြင့် ဟိတ်ဟန်ထုတ်ခြင်း မရှိ၊ မိမိ၌ရှိသော ချွတ်ယွင်းချက်များနှင့် အပြစ်အနာအဆာများကို ရိုးဖြောင့်စွာ ဝန်ခံဖော်ပြထားသည်ဖြစ်ရာ စာဖတ်သော ကျောင်းသူကျောင်းသားများသည် ဤစာအုပ်အတွက်ကြောင့် ကျွန်ုပ်အပေါ်၌ တိုး၍ အထင်မကြီးစေကာမူ ဟုတ်တိုင်းမှန်ရာ ဖော်ပြခြင်းဖြင့် ရိုးဖြောင့်သောနမူနာ တည်ရစ်ပါစေသတည်း။

**ရွှေဥဒေါင်း**

**၁၅-၆-၅၃**